အာ ရုံ ထုံ ကူး ပွင့် ဖူး သည့် စာ

6 Billion

# အာရုံမြင် ပရောဖက်ရဲ့



# ပဉ္စလက် ဟောစာတမ်း

ကုဋေ၆၀၀ စာပေ ကိုယေး (ဝေယံလင်းအောင်)စီစဉ်သည်။

# ထုတ်ဝေသူနှင့် စာရေးဆရာ

ကိုယေးလ်(ဝေယံလင်းအောင်)

ဆရာအဲမွန်တာရာနှင့် ကျွန်တော် သဃ်န်းကျွန်းဘုရားလမ်းက လူထုမိတ်ဆွေစာအုပ်ဆိုင်တွင် ဆုံမိကြပါသည်။ ဆိုင်ရှင် ဦးအုန်းသန်း မိတ်ဆက်ပေးသဖြင့် စတင်သိကျွမ်းရပါသည်။ ကျွန်တော် စီစဉ်တည်းဖြတ်သည့် "မွေးလ (၁၂)လ အတွက် နောက်လာမည့် ၅ နှစ်စာ ဗေဒင် ဟောစာတမ်းများ "စာအုပ်ကလေးကို လက်ဆောင်ပေးပါသည်။ ထိုစာအုပ်ကလေးကို ပြုစုသူများမှာ ယဉ်မိုးခိုင်၊ ကျော်စွာမင်း၊ (ပန်းမင်းဗိုလ်) ကျော်စစ်ဟိန်းတို့ ဖြစ်ကြပါသည်။

ဆရာက စာအုပ်ကလေးရဲ့ ရှေ့မျက်နှာဖုံးမှာပါသော လူသားသန်း ၆၀၀၀ ကျော်ကိုယ်စားပြု Universal Truth ကုဋ္ဌေ ၆၀၀ နက္ခတ်ဗေဒင် Group 6 Billion ဆိုသော စကားလုံးများကို စိတ်ဝင်စားစွာ အကြာကြီးစိုက်ကြည့်နေပါသည်။

မကြာခင်မှာပဲ ဆိုင်ကလေးရဲ့ ထောင့်တစ်နေရာကို ဆရာထသွားပါသည်။ စာအုပ်ဟောင်းများ တန်းစီထားသောနေရာက စာအုပ်တစ်အုပ် ဆွဲထုတ်လာပါသည်။ ဆရာက ဆွဲထုတ်လာသော စာအုပ်ကလေးကို ကျွန်တော့်အား လှမ်းပေးရင်း

"ဆရာယေးလ်။ ဆရာယေးလ်က လူသန်း ၆၀၀၀ အတွက်

နက္ခတ်ဗေဒင်ဟောစာတမ်းတွေ စီစဉ်တည်းဖြတ်တယ်။ ဆရာယေးလ်အမြဲပြောတတ်တဲ့ စကားက ကျွန်တော်ဟော၍ မှန်တာမဟုတ်ပါ။ ဟောပြီးသား ဂျီသြမေတြီ ရာသီစက်ဝိုင်းကို အလျားလိုက် ထည့်ပေးထားသော International Date Line အမှန်တရား ၆၀ % လို့ အမြဲပြောတတ်တယ် ဟု ဆရာက ကျွန်တော့်အား စကားစ၍ စကားခံလိုက်ပါသည်။ ပြီးတော့ ဆရာဆက်ပြောသည့်စကားက”

“ကျွန်တော်က နက္ခတ်ဗေဒင်ပညာကို ယုံကြည်စိတ်ဝင်စားပါတယ်။ လေ့လည်းလေ့လာဆဲ ဖြစ်ပါတယ်။ လူသားတွေအတွက် ဗေဒင်မဟောတတ်သေးပေမယ့် လူသားသန်း ၆၀၀၀ နေတဲ့ ကမ္ဘာကြီးကိုတော့ နောင်လာမည့် နှစ် ၅၀ အတွက် ကျွန်တော် နိမိတ်ကြိုဖတ်ထားပါတယ်။ အဲဒီဟောစာတမ်းဟာ ဒီစာအုပ်ကလေးထဲမှာ ပါပါတယ် ”ဟု ကျွန်တော့်ကို လက်ဆောင်ပေးထားသော စာအုပ်ကလေးကို ညွှန်းဆိုပါတော့သည်။ စာအုပ်ကလေးအမည်မှာ “သင်္ကာရာဇ်များ၏ နရီစည်းဝါး” အဲမွန်တာရာ ခေတ်လွန်သိပ္ပံဝတ္ထုရှည် ဖြစ်ပါသည်။

ကျွန်တော် စာပေရေးသားခြင်းကိစ္စ၊ စာအုပ်စီစဉ်ထုတ်ဝေခြင်းကိစ္စများဖြင့် ဆရာနှင့် ဝေးသွားပြန်ပါသည်။ သူ့သိပ္ပံဝတ္ထု စာအုပ်ကလေးကိုတော့ ကျွန်တော်ဖတ်ပြီးပါပြီ။ သူ့ဟောစာတမ်းဆိုသည်မှာ သူ့စာအုပ်အမှာတွင် ဝန်ခံထားသည့်အတိုင်း သိပ္ပံပညာရှင်နှင့် သိပ္ပံစာရေးဆရာ အာသာစီကလပ်၏ ဟောစာတမ်းများ၊ သိပ္ပံအချက်အလက်များကို အခြေခံထားပါသည်။

ကျွန်တော်နှစ်သက်သည်မှာ သူ့ဇာတ်လမ်း၊ ဇာတ်ကွက်ဖန်တီးမှုနှင့် ရသဆန်ဆန်ဖွဲ့ ဆိုမှုတို့ဖြစ်ပါသည်။ ကျွန်တော်က လျှို့ဝှက်နက်နဲသော ဆောင်းပါးများ ၊ လေးနက်ခံ့ထည်သော အတ္တုပ္ပတ္တိဟန် စာပေများနှင့် လုံးလားထွေးလား စီစဉ်ထုတ်ဝေလာခဲ့ရာ ဆရာ့သိပ္ပံဝတ္ထုလေးကို ဖတ်လိုက်ရသေအခါ ချဉ်ပေါင်ဟင်းနှင့် ထမင်းမြိန်သကဲ့သို့ ဖြစ်သွားပါတော့သည်။

ကိုယ်တိုင်ဖန်တီးဖွဲ့ဆိုသော ရသဝတ္ထုရှည်တစ်ပုဒ်ဟု ကျွန်တော် ယုံကြည်မှတ်ယူမိပါတော့သည်။
ကျွန်တော့်လေ့လာမှတ်သားမိသလောက် သိပ္ပံဝတ္ထုရေးဆရာများကို အကြမ်းအားဖြင့် နှစ်မျိုးနှစ်စားခွဲခြား၍ ရမည်ထင်ပါသည်။ ပထမတစ်မျိုးမှာ တိုးတက်လာသည့် သိပ္ပံပညာ၊ သိပ္ပံပစ္စည်းနှင့် အာကာသပညာကို အလေးပေးအရေးထားကာ ရေးသားကြပါသည်။ ဒုတိယအမျိုးအစားမှာ တိုးတက်လာသည့်၊ တိုးတက်လာမည့် သိပ္ပံပညာနှင့်အတူ လူ့ဘောင်၏ ပြောင်းလဲသွားမည့် အတွေးအခေါ် ၊ ဒဿနများကိုပါ တွေးဆရေးသားကြပါသည်။

ဆရာ၏ သိပ္ပံဝတ္ထုကလေးမှာ ဒုတိယအမျိုးအစားတွင် ပါဝင်မည်ဟု ယူဆပါသည်။ ကျွန်တော်ကား စာအုပ်စီစဉ်ထုတ်ဝေသူဖြစ်သဖြင့် ဆရာနှင့်တွေ့မှ အသေအချာဆွေးနွေးရန် စိတ်ကူးထားလိုက် ပါ၏။

ဦးအုန်းသန်း၏ လူထုမိတ်ဆွေစာအုပ်ဆိုင် အရောင်းမြှင့်တင်ရေး အထိမ်းအမှတ်ဈေးပွဲတော် ကျင်းပပါသည်။ ဆရာနှင့် ကျွန်တော် အေးအေးဆေးဆေး တွေ့ဆုံပြောဆိုရပါသည်။ ဆရာ၏ သိပ္ပံဝတ္ထုလေးကို နှစ်သက်မိပါကြောင်း ကျွန်တော်မှ စတင်ပြောဆိုမိပါသည်။

ဆရာက “ကျွန်တော့်မှာ ပူပူနွေးနွေး ရေးထားတဲ့ ဝတ္ထုရှည်စာမူတစ်ပုဒ်ရှိတယ်။ “အာရုံမြင်ပရောဖက်ရဲ့ ပဥ္စလက်ဟောစာတမ်း ”လို့ အမည်ပေးထားတယ်။ အသိခက်နက်နဲတဲ့ ဂမ္ဘီရအကြောင်းအရာလေးတွေ ပါပါတယ်။ ကျွန်တော်ကိုယ်တိုင်ကလည်း ယနေ့ထက်တိုင် ငယ်နုသူတို့ရဲ့ “အချစ် ”ကို ယုံကြည်နေဆဲဖြစ်ပါသည်။ အခု ကျွန်တော်ရေးလိုက်တဲ့ ဇာတ်လမ်းလေးမှာ ကံအားလျော်စွာပဲ မေတ္တာနဲ့ ဂမ္ဘီရ ပေါင်းစပ်ယှက်နွယ်သွားတာကို တွေ့လိုက်ရ ပါတော့တယ်” ဟု ဆရာက တက်ကြွစွာပြောပါလေ၏။ ဆရာက သူ့ဝတ္ထုကို သူ့ဘာသာညွှန်းတယ်လို့ ကျွန်တော်မယုံကြည်ပါ။ သူရေးမိတဲ့သူဝတ္ထုလေးကို သူကျေနပ်အားရတဲ့အကြောင်း ယုံယုံကြည်ကြည်ပြော နေခြင်းဖြစ်ပါလိမ့်မည်။ ကျွန်တော်က ဆရာရဲ့ သိပ္ပံဝတ္ထုလေးကို နှစ်သက်ပြီးဖြစ်လို့ ဒုတိယအကြိမ် ပြန်ထုတ်ချင်သည့်အကြောင်း၊ အခု ဆရာအသစ်ရေးထားတဲ့ ဝတ္ထုကိုလည်း ထုတ်လိုတဲ့ အကြောင်း အသိပေး ပြောကြားလိုက်ပါသည်။

ရက်ပိုင်းအတွင်းမှာ ဆရာနှင့် ညှိနှိုင်းပြီး နှစ်ဦးနှစ်ဖက် သဘောတူညီမှုတွေနဲ့ ယခု “အာရုံမြင်ပရောဖက်” စာအုပ်ကလေးက အရင်ထွက်လာပါတော့သည်။ ထုတ်ဝေမည်ပြောပြီးမှ စာမူကို ဖတ်ခြင်းဖြစ်ပါ၏။ စိတ်ဝင်စားစရာ ဇာတ်လမ်းအစပျိုးမှုနဲ့ ခပ်သွက်သွက်ဇာတ်ကွက်ကို ချိတ်ဆက်ပုံဖော်သွားပုံများက စာဖတ်သူကို စိတ်ပျော်ရွှင်အောင် ဆွဲဆောင်ခေါ်ငင်သွားနိုင်လိမ့်မည်ဟု ကျွန်တော် ယုံကြည်မိပါသည်။

စာဖတ်သူများအနေနဲ့ ဒီဝတ္ထုလေးကို ကျွန်တော့်နည်းတူ မဟုတ်ဘဲ

မနှစ်သက် လက်မခံနိုင်ခဲ့ပါက စာမူအရွေးမှားသော ကျွန်တော့်ကိုသာ အပြစ်တင်တော်မူကြပါ။ ကျွန်တော်နှင့်ထပ်တူထပ်မျှ နှစ်သက်လက်ခံတော်မူကြလျှင်ဖြင့် စာဖတ်သူအချင်းချင်း သတင်းကောင်း ပေးခြင်းဖြင့် ကူညီကြပါ။

ဆရာ၏ ဆက်လက်ထွက်လာမည့် စာအုပ်မှာ (အာကာသဝိဇ္ဇာမိုရ်)မည်သော သိပ္ပံရသဝတ္ထုရှည်ဖြစ်ပါသည်။ သက္ကရာဇ်များ၏ နရီစည်းဝါးစာအုပ်ကို ပြင်ဆင်တည်းဖြတ်ကာ ယင်းစာအုပ်၏ ဇာတ်သိမ်းပါ တစ်ပေါင်းတည်း စုစည်းထုတ်ဝေမည့် စာအုပ်ဖြစ်ပါသဖြင့် စောင့်မျှော်အားပေးကြပါရန် ဆန္ဒပြုလိုက်ရပါသည်။

**စာဖတ်သူများအား အစဉ်လေးစားစွာဖြင့်......**

ဆရာယေးလ်(ဝေယံလင်းအောင်)

ကုဋ္ဌေ ၆၀၀ စာပေ

၁၅.၃.၂၀၁၂

*

အာရုံမြင်ဟောစာတမ်း

**ဘဝထဲမှာ**

**အချစ်ကို ရှာတွေ့**

**ရှုဝံကြယ် နေရာရွေ့မည်။**

**အချစ်ထဲမှာ**

**ဘဝတူဟာ တူတူပုန်း**

**သဲကန္တာ ရေခဲဖုံးလိမ့်။ ။**

အဲမွန်တာရာ



* * *

## စာရေးသူရေးသားထုတ်ဝေပြီး စာအုပ်များ

၁။ လမ်းလျှောက်သူများ(၁၉၈၂) ကလောင်စုံ ...... မိုးသောက်စာပေ၊

(နောင်မင်းငယ်အမည်ဖြင့်)

၂။ ချစ်သူရဲ့ပွဲ(ချစ်ခြင်းအတွေးစုများ)၁၉၉၉ ...... ဆုစာပေ

၃။ သက္ကရာဇ်များ၏ နရီစည်းဝါး(၂၀၀၃) မြစ်ခွဲကိုးစင်းစာပေ

(ခေတ်လွန်သိပ္ပံဝတ္ထုရှည်)

## ယခု

## အာရုံမြင်ပရောဖက်ရဲ့ ပဥ္စလက်ဟောစာတမ်း ....( ကုဋ္ဌေ ၆၀၀ စာပေ)

## ဆက်တိုက်ထွက်ရှိလာမည့် စာအုပ်များ

၁။ အာကာသဝိဇ္ဇာမိုရ်(ခေတ်လွန်သိပ္ပံဝတ္ထုရှည်) ကုဋ္ဌေ ၆၀၀ စာပေ

(သက္ကရာဇ်များ၏ နရီစည်းဝါးစာအုပ်ကို ပြင်ဆင်

တည်းဖြတ်ကာ ဇာတ်သိမ်းပိုင်းကိုပါ တစ်ပေါင်းတည်း

စုစည်းထုတ်ဝေတင်ဆက်ထားသော စာအုပ်)

၂။ ရှိန်းဆာယာပိုမောက်လို့ ကိုယ်ပျောက်တဲ့ လိပ်ပြာ ......

(သိပ္ပံမာယာ၊ ပဥ္စလက်မှော်ပညာ ဆရာတစ်ယောက်၏ အချစ်

အလွမ်း စွန့်စားခန်းများ

၃။ မြကျေးညို နှစ်ကိုယ်ခွဲ ……

(စိတ္တဗေဒနှင့်ဆွတ်ပျံ့ရင်ခုန်ကြည်နူးဖွယ်ဝတ္ထုရှည်) ၄။ တစ်ကိုယ်တော် ဝတ္ထုတိုပြပွဲ(One Man Show)…..

(မြန်မာနိုင်ငံစာရေးဆရာအသင်းဖြစ်မြောက်ရေးကော်မတီနှင့် အောင်စည်းစိမ်ကျောက်မျက် ကုမ္ပဏီတို့ ကြီးမှူးကျင်းပသော ဝတ္ထုတိုပြိုင်ပွဲ(၂၇.၅.၂၀၁၂)၌ စာရေးသူ၏ ပထမဆုရဝတ္ထုတိုစာမူ အပါအဝင် အခြားမဂ္ဂဇင်းများမှ စာရေးသူနှင့် လက်ရွေးစင် ဝတ္ထုတိုများစုစည်းမှု)

*

ကမ္ဘာကြီးနှင့် နိမိတ်ဟော ပရောဖက်အစစ်

(၁)

## သိပ္ပံဆရာများက

## ကမ္ဘာကြီး၏ လားရာကို အာကာသနက္ခတ္တသိပ္ပံ

## IT နည်းပညာ သုတေသနတို့ဖြင့်

## ကြိုတင်ဟောကိန်းတွေ ထုတ်ကြသည်။

## ဝိဇ္ဇာဆရာများက ကမ္ဘာကြီး၏ အနာဂတ်ကို ရုပ်နာမ်ဓမ္မ၊ ဂမ္ဘီရတို့ဖြင့် တစ်ကြိုနိမိတ်တွေ ဖတ်ကြသည်။

သဘာဝပတ်ဝန်းကျင်နှင့် စားနပ်ရိက္ခာ ဆရာတွေကတော့ ကမ္ဘာ့လူဦးရေ မတန်တဆတိုးပွားလာနှုန်းကိုကြည့်ကာ မျက်လုံးပြူး၊ မျက်ခုံးလှုပ်ကုန်ကြပြီ။

ယနေ့ ကမ္ဘာပေါ်တွင် လူသားခုနစ်ဘီလီယံ နေထိုင်စားသောက်ကြသည့် သက္ကရာဇ် ၂၁၀၀ တွင် ၁၆ ဘီလီယံရှိလာမည်။ ထိုအခါ ကမ္ဘာကြီး၏ သဘာဝဘေးအန္တရာယ်နှင့် စားနပ်ရိက္ခာသည် ပူပန်စရာအတိဟု သူတို့၏အာရုံမြင်စစ်တမ်းတွေ ထုတ်ဝေနိုင်ကြလေပြီ။

(၂)

ကမ္ဘာကြီးက ပြန်ပြောသည်။

မပူကြပါနဲ့။

လူသားတစ်ဦး၏ အပူပန်နိုင်ဆုံးသက်တမ်းသည် နှစ်ပေါင်း ၁၂၀ သာဖြစ်သည်။

သူပူပင်ခဲ့ရသည်မှာ နှစ်သန်းပေါင်း ၄၆၀၀ ကျော်ကြာခဲ့ပါပြီ။

ခုမှ ထူးပြီးလူသားတွေ မပူကြပါနဲ့တော့။

တကယ်ပူသော သဘာဝဓာတ်ငွေ့ဖန်လုံးအိမ်တွေ၊ အိုဇုန်းလွှာတွေ ရေခဲတောင်ကြီးတွေက ကမ္ဘာ့လူဦးရေကို လျှော့ချပေးပါတော့မည်။ သက္ကရာဇ် ၂၁၀၀ ခုနှစ် (နောင်လာမည့် နှစ်ပေါင်း ၁၀၀ ကျော်အတွင်း) လူသား ၉ ဘီလီယံလောက်ကို ကမ္ဘာ့လူဦးရေ သန်းခေါင်းစာရင်းက ပယ်ဖျက်ပေးပါမည်ဟု ကတိကဝတ်ပြုလိုက်၏။

နောက် သူက မှတ်လောက်သားလောက် စကားတစ်ခွန်းထပ်ပြောလိုက်သေးသည်။

“နိမိတ်ဟော

ပရောဖက်အစစ်ဟာ

ငါပဲ ….. ဆိုတာ

မြဲမြဲ မှတ်ထား”

ဟူသတည်း။

အဲမွန်တာရာ

*

(၁)

# အနွတို့ရဲ့
# ဘဝတစ်ခု သေဆုံးခြင်းဟာ
# နောက်ဘဝတစ်ခုရဲ့
# အစပဲ။

သူများတကာ မျောပါခဲ့သလို သမုဒယလည်း မျောပါခဲ့ရတာ ဖြစ်၏။ အစက ကွင်းပြင်ကြီးသည် အခုတော့ ရေပြင်ကျယ်ကြီးဖြစ်နေပြီ။ အစက သစ်ပင်မြင့်မြင့်ကြီးများသည် အခုတော့ ရေမြုပ်သွားသဖြင့် နိမ့်နိမ့်ကလေးတွေဖြစ်ကုန်၏။

အချို့ ကံကောင်းသူများက ရေစီး၌ မျောပါရင်း သစ်ပင်ခွကြားနှင့် ချိတ်မိကာ အသေဖက်တွယ်ထားလိုက်ကြ၏။

သမုဒယဆိုသော မိန်းကလေးကံမကောင်းပါ။

မိုးမုန်တိုင်းနှင့်ရေစီးကြမ်းကြမ်း ဆွဲခေါ်ရာသို့ တရွတ်တိုက် လိုက်ပါနေရတော့သည်။ နဂိုက ရေကူးမတောက်တခေါက် တတ်ခဲ့၍သာ ရေအောက်သို့ မြုပ်မသွားခဲ့ခြင်းဖြစ်သည်။

ရေအောက်သို့ မြုပ်မသွားခဲ့သဖြင့်လည်း ကယ်ပါယူပါတစာစာ အော်သံများကို ကမ္ဘာပျက်မတတ် ကြားနေရခြင်းဖြစ်သည်။ သမုဒယနှင့်မလှမ်းမကမ်း၌ လှေပျက်တစ်ခု မျောပါသွား၏။

ရေစီးအားကြောင့် လှေပျက်မျောပါနှုန်းအရှိန်းမှာ မြန်ဆန်လွန်းလှသည်။

သမုဒယ လက်ပစ်ကူး၍ ယင်းလှေပျက်ကို အမီမလိုက်နိုင်။ အမီလိုက်ကူးနိုင်လည်း မည်သို့မျှ ထူးခြားမည်မဟုတ်။ လှေပျက်မှောက်လျက်လဲကို မိန်းမတစ်ယောက်က ဖက်တွယ်ထား၏။

ယင်းမိန်းမ၏ လက်တစ်ဖက်က လှေပျက်ကို ဖက်တွယ်ထားသကဲ့သို့ ကျန်လက်တစ်ဖက်က သေနေသော လသားကလေးတစ်ယောက်ကို ပိုက်ပွေ့ထားဆဲဖြစ်သည်။

သူ့ကလေးလေး သေနေပြီကို ယင်းမိန်းမ သွေးရူးသွေးတန်းနှင့် သိဟန်မတူ။

သမုဒယ ကံမကောင်းပါ။

ယင်းမိန်းမကို အာရုံငြိဆဲ ရေမွန်းကူးခတ်လာသော ကျွဲတစ်ကောင်နှင့် ဝင်တိုးမိတော့သည်။ ကျွဲက လန့်၍အလွန့် သမုဒယက တွန်းတွန်းနှင်နှင် နောက်သို့အဆုတ် ကျွဲ၏ဦးချိုဖျားနှင့် သမုဒယ၏ ဦးခေါင်းနောက်စေ့ ထိုးခတ်မိကြသည်။

သမုဒယ၏ ကံကောင်းခြင်းသည် စပြီ။

ရေမွန်း၍ သေမည့်အတူတူ ယခုလို မေ့မျော သတိလစ်ကာ သေဆုံးသွားရခြင်းသည်ပင်လျှင် ခပ်ကောင်းကောင်း။ ကျွဲချိုဖျားနှင့်အခတ်တွင် ခေါင်း၌ပူခနဲ တစ်ချက်ဖြစ်ကာ ရေထဲတွင် သွေးနီနီများ ဖြာခနဲ ရောနှောသွား၏။

ပါးစပ်က ဘုရား ဘုရား တမိသည်ကို အမှတ်ရသည်။ လက်ဖဝါးနှစ်ဖက်ကို လက်အုပ်ချီမိုး လိုက်မိသည်ကို သတိရသည်။

လက်အုပ်ချီမိုးလျက်ပင် သမုဒယ၏ ခန္ဓာကိုယ်က ရေအောက်သို့ တဖြည်းဖြည်း နစ်မြုပ်သွားခဲ့၏။

သမုဒယ၏ ခန္ဓာကိုယ်သည် ရေအောက်၌ပင် ရေစီးနှင့် တဖြည်းဖြည်း ရွှေ့လျားမျောပါနေ၏။

သမုဒယ၏ ရုပ်ခန္ဓာကသာ ရေထဲတွင် မျောနေသည်။ သမုဒယ၏ ဇောအစဉ်ခေါ်မလား။ ဝိညာဉ်နာမ်ဓာတ်ခေါ်မလား။ လိပ်ပြာတစ်ကောင်နှယ် ရေပြင်ထက်သို့ တက်ကာ လေထဲတင် လွင့်ဝဲပျံသန်းသွားတော့သည်။

မိုးကုပ်စက်ဝိုင်းလိုလို နေရာသစ်တစ်ခုဆီသို့ သမုဒယ ရောက်ရှိသွားသည်။ ဖြူနီပြာဝါ ရောင်စဉ်ခုနစ်သွယ် ဆိုင်းဖွဲ့နေသော အလင်းမှုန်များကို တွေ့မိတော့ သက်တံရောင်စဉ်များလားဟု သမုဒယ ထင်မိမှား၏။

အနီးကပ်ရောက်သွားမှ လက်အုပ်နှစ်ဖက်ကို ချီမိလျက်သား ဖြစ်သွားရသည်။ သက်တံရောင်စဉ် ခုနစ်သွယ်မဟုတ်။ ရောင်ခြည်တော်ကိုးသွယ်။ ဉာဏ်စဉ်များကြောင့် ပွင့်လန်းလက်ဖြာနေသော ရောင်ခြည်တော်ကိုးသွယ်။

သတ္တဝါတို့၏ အဖန်ဖန်အလဲလဲ ဖြစ်ပျက်မြဲ သံသရာကိုသိသော မအို၊ မနာ၊ မသေတော့ရာ လမ်းသစ္စာကိုသိသော အရှင်..။

မြတ်သောအရှင်..။

မျက်နှာတော်ကို အနီးကပ်ဖူးမြော်ရသည်သာမက အသံတော်ကိုပါ နားနှင့်ဆတ်ဆတ်ကြား လိုက်ရပြန်သည်။

အန္ဓတို့ရဲ

ဘဝတစ်ခုသေဆုံးခြင်းဟာ

နောက်ဘဝတစ်ခုရဲ့

အစပဲ...။

*